**သတင်းထုတ်ပြန်ချက်**

# Junction City မှ Pan Pacific Yangon အား လှိုက်လှဲစွာ ကြိုဆို

Pan Pacific Yangon ဖွင့်ပွဲနှင့်အတူ Junction City Phase I အောင်မြင်စွာပြီးမြောက်

**မြန်မာနိုင်ငံ၊ ရန်ကုန်မြို့။ ဒီဇင်ဘာ (၈) ၊ ၂၀၁၇ ခုနှစ်** - ဖွံ့ဖြိုးရေးအသွင်သဏ္ဍာန်မျိုးစုံ ပေါင်းစည်းပါဝင်သော အထင်ကရ သက်တအနေဖြင့် တည်ရှိသည့် Junction City မှ Pan Pacific Yangon Hotel အား အဖွဲ့ဝင်သစ်အဖြစ် ယနေ့ လှိုက်လှဲစွာ ကြိုဆိုမှုပြုလုပ်ခဲ့ပါသည်။

Pan Pacific Yangon သည် Shwe Taung Group နှင့် Pan Pacific Hotel Group တို့မှ ပူးပေါင်း ဆောင်ရွက်ခြင်းဖြစ်ပြီး ဟိုတယ်စီမံခန့်ခွဲမှုအား Pan Pacific Hotel Group မှ ဆောင်ရွက်လုပ်ကိုင်ပါသည်။ နိုင်ငံတကာအသိအမှတ်ပြု ဆုလက်မှတ်များ ရရှိထားသည့် Park Royal Yangon နှင့် Park Royal Nay Pyi Taw တို့ကိုလည်း Pan Pacific Hotel Group မှပင် တာဝန်ယူ စီမံခန့်ခွဲလုပ်ကိုင်လျက်ရှိပါသည်။ အာရှတိုက်၏ Hotel နှင့် အိမ်ခြံမြေကုမ္ပဏီ အများဆုံးကို ထူထောင်လုပ်ကိုင်နေသော စင်ကာပူနိုင်ငံရှိ Listed လုပ်ငန်းတစ်ခုဖြစ်သည့် UOL Group Limited ၏ Pan Pacific Hotel Group သည် အာရှတိုက်၊ သမုဒ္ဒရာတစ်ဝန်း၊ မြောက်အမေရိကနှင့် ဥရောပတို့တွင် Service Suit, Resorts နှင့် Hotel 30 ကျော်အား အခန်းပေါင်း 11,000 ကျော်ဖြင့် စီမံခန့်ခွဲလုပ်ကိုင်နေသော အဖွဲ့အစည်းဖြစ်ပါသည်။

ရန်ကုန်မြို့၏ အချက်အခြာနေရာတွင်တည်ရှိသော ကမ္ဘာ့အဆင့်မီ ဖွံ့ဖြိုးရေးအသွင်သဏ္ဍာနမျိုးစုံ ပေါင်းစည်းပါဝင်သည့် Junction City ၏ နိုင်ငံတကာအဆင့်မီ ကြယ်ငါးပွင့်အဆင့် ဟိုတယ်ဖြစ်ပါသည်။ ခေတ်မီပစ္စည်းများဖြင့် မွမ်းမံပြင်ဆင်ထားသည့် အခန်းပေါင်း ၃၃၆ ခန်းပါဝင်ပြီး St Gregory Spa, Fitness Centre, နိုင်ငံတကာအဆင့်မီ လက်ရာမြောက် စားသောက်ဖွယ်ရာများရရှိသည့် SAAN-all day Dinning, Hai Tien Lo - Cantonese အစရှိသည့် အဆင့်မြင့် စားသောက်ဆိုင်များပါရှိပြီး ရင်သပ်ရှုမောဖွယ် ရန်ကုန်မြို့အလှကို Sky Lobby ရှိ TEAK Bar မှတဆင့် ကြည့်ရှုခံစားနိုင်ပါသည်။

Pan Pacific Yangon ၏ဖွင့်ပွဲနှင့်အတူ Junction City Phase I သည် အောင်မြင်စွာ ဆောက်လုပ်ပြီးစီးပြီဖြစ်ကာ လုပ်ငန်းလည်ပတ်လျက်ရှိပါသည်။ Junction City Shopping Centre နှင့် Grade A အဆင့် Junction City Tower မှ ဆောင်ရွက်ပေးလျက်ရှိသော ဝန်ဆောင်မှုများကဲ့သို့ပင် Pan Pacific Yangon မှလည်း ကောင်းမွန်ပြည့်စုံသော ဝန်ဆောင်မှုများဖြင့် လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ Service Residences နှင့် ရုံးခန်းများပါဝင်သော Junction City Phase 2 အား 2018 ခုနှစ်တွင် စတင်ဆောက်လုပ်သွားမည် ဖြစ်ပါသည်။

"Pan Pacific Yangon ဖွင့်လှစ်နိုင်ခြင်းဟာ ရန်ကုန်မြို့ရဲ့ အချက်အခြာနေရာမှာ ပြည့်စုံကောင်းမွန်တဲ့ နေထိုင်မှု၊ အလုပ်နှင့် ပျော်ရွှင်မှု ကို မိတ်ဆက်ပေးစွမ်းမယ်ဆိုတဲ့ ကျွန်မတို့ရည်မှန်းချက်ကို ပြည့်စုံစေပါတယ်။ ရန်ကုန်မြို့နေ ဒေသခံများနဲ့ လာရောက်လည်ပတ်တဲ့ဧည့်သည်များကို နိုင်ငံတကာအဆင့်မီ လူမှုဘဝနေထိုင်မှု၊ စိတ်လှုပ်ရှား ပျော်ရွှင်မှုပေးတဲ့ Shopping Centre, Grade A အဆင့်ရှိ ရုံးခန်း နေရာများနဲ့ ကြယ်ငါးပွင့်အဆင့်ဟိုတယ်တို့ကို အခုလို ဖော်ဆောင်လုပ်ကိုင်နိုင်တဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်လို့" Shwe Taung Real Estate ၏ CEO Dr. Sandar Htun မှ ပြောကြားသွားပါတယ်။

## မီဒီယာမေးမြန်းလိုမှုများအတွက်

Aye Mon Thu
M: +95 9 977 830 137
E: ayemthu@shwetaunggroup.com

**Shwe Taung Group အကြောင်း**

၁၉၉၀ ပြည့်လွန်နှစ်များမှ စတင်တည်ထောင်ခဲ့သော Shwe Taung Group တွင် အိမ်ခြံမြေ၊ ရင်းနှီးမြှုပ်နှံမှု၊ ဆောက်လုပ်ရေးနှင့် ဆောက်လုပ်ရေးပစ္စည်းများ၊ စွမ်းအင်နှင့်အခြေခံအဆောက်အဦ၊ ကုန်သွယ်လုပ်ငန်း၊ အာမခံလုပ်ငန်းများအပါအဝင် လုပ်ငန်းနယ်ပယ်မျိုးစုံတွင် ကျယ်ပြန့်သော စီးပွားရေးလုပ်ငန်းများဖြင့် စုပေါင်းဖွဲ့စည်း ထားပါသည်။ မြန်မာနိုင်ငံအတွက် BMW ကားများ ဖြန့်ဖြူးရောင်းချခွင့်ကိုလည်း ရရှိထားပါသည်။ နိုင်ငံတဝှမ်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနေပြီး Shwe Taung Group ၏ လက်ရှိ ဝန်ထမ်းအင်အားမှာ ၆၀၀၀ ကျော် ရှိသည်။

မြန်မာနိုင်ငံတွင် အရည်အသွေးမြင့်အိမ်ရာ စီမံချက်များဆောက်လုပ်မှု သမိုင်းမှတ်တမ်းကောင်း ရှိထားသော Groupလည်းဖြစ်သည်။ Crystal Tower ၊ Crystal Residences ၊ Junction Square ၊ Union Business Centre ၊ Union Financial Centre နှင့် မကြာခင် ပေါ်ထွက်လာမည့် Junction City စသော ထင်ရှားသည့် စီမံကိန်းများအပါအဝင် မြေဧက ၈၀၀ ကျော်ပေါ်တွင် အိမ်ရာစီမံချက်ပေါင်း ၅၀ကျော်ကို တည်ဆောက်ထားပြီး ဖြစ်သည်။

မြန်မာပြည်သူလူထုနှင့် သဘာဝပတ်ဝန်းကျင်အတွက် ကောင်းကျိုးပြုသော Corporate Social Responsibility – CSR ဆောင်ရွက် ချက်များကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်မှုအပေါ် Shwe Taung Group အနေဖြင့် အလေးအနက်ယုံကြည်မှုရှိထားပါသည်။ ၎င်းအနေဖြင့် လူ့အရင်းအမြစ် တိုးမြှင့်ခြင်း၊ သဘာဝပတ်ဝန်းကျင်အား ကာကွယ်ခြင်း၊ လူမှုအသိုင်းအဝန်း တည်ဆောက်ခြင်း နှင့် အဖွဲ့အစည်း၏ အုပ်ချုပ်မှုပိုင်းဆိုင်ရာ ပွင့်လင်းမြင်သာမှု နှင့် အကျိုးစီးပွားပါဝင်ပတ်သတ် သူများ အပေါ်တာဝန်သိတတ်မှု တို့ကို တိုးမြှင့်အားပေးခြင်း စသည့် ကဏ္ဍများနှင့် သက်ဆိုင်သော အစီအစဉ်များတွင် တက်ကြွစွာ ပါဝင်ပါသည်။ အဖွဲ့ကြီး၏ CSR သည် အနာဂါတ်မြန်မာနိုင်ငံအတွက် သဘာဝပတ်ဝန်းကျင်အားတိုးမြှင့်ထိန်းသိမ်းရန်၊ ပညာရေးကို မြှင့်တင်ရန် နှင့် လူမှုအသိုင်းအဝန်းအကျိုးပြု အစီအစဉ်များ စသည့် ရေရှည်တည်တံ့သော အစီအစဉ်များတွင် ဦးတည် ရင်းနှီးမြှုပ်သည်။ Shwe Taung Group သည် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေသော အင်္ဂါရပ်များ နှင့် နည်းပညာများ အား ၎င်း၏ ကုန်ပစ္စည်းများတွင် ထည့်သွင်းကာ စတင် ကောင်းအထည်ဖော်လုပ်ဆောင်မှုများ လုပ်ဆောင်နေပါသည်။

United Nation မှ လူ့အခွင့်အရေး၊ အလုပ်သမားဆိုင်ရာ၊ သဘာဝပတ်ဝန်းကျင် နှင့် ကျင့်ပျက်ခြစားမှုအား ဆန့်ကျင်ခြင်း စသည့် ကဏ္ဍများတွင် ရေရှည်တည်တံ့သော၊ လူမှုဝန်းကျင်ဆိုင်ရာ တာဝန်ယူမှုကို စီးပွားရေး အဖွဲ့အစည်းများမှ ကမ္ဘာတဝှမ်းတွင် ခံယူကျင့်သုံးရန် အားပေးတိုက်တွန်းသည့် အစီအစဉ်တစ်ခုဖြစ်သည့် United Nations Global Compact အဖွဲ့ဝင်အဖြစ် ၂၀၁၃ ခုနှစ်မှစပြီးအဖွဲ့ဝင်ဖြစ်လာပါသည်။

Shwe Taung Group: တာဝန်ခံသောရင်းနှီးမြှုပ်နှံမှုနှင့် ရေရှည်တည်တံ့ဖွံ့ဖြိုးအောင် ဆောင်ရွက်မှုများမှ တစ်ဆင့် လူနေမှုဘဝများကို ရှင်သန်နိုးကြားစေမည် (Inspiring Lives. Sustaining Progress).